## (၂.၁၀.၂၀၂၀) မှ (၈.၁၀.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid–19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၈၈၅ ဒေါ်လာပေါက်ဈေးရှိခဲ့ပြီးအောက်တိုဘာ ၆ ရက်တွင် ၁၉၁၃ ဒေါ်လာမှ အောက်တိုဘာ ၈ ရက်တွင် ၁၈၉၂ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းရွှေဈေးသည်လည်း အောက်တိုဘာ ၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃၁၁၅၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာ ၆ ရက်တွင် ၁၃၁၆၅၀၀ ကျပ်မှ အောက်တိုဘာ ၈ ရက်တွင် ၁၃၁၀၀၀၀ ကျပ်ပေါက်ဈေး ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ရွှေဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗဟိုဘဏ်များအနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင်ရွှေဝယ်ယူစုဆောင်းမှုများ ပြုလုပ်ခဲ့ကြသော်လည်း ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ပထမဆုံးအကြိမ်အဖြစ် ရွှေရောင်းချမှုများ ရှိခဲ့ကြောင်း အောက်တိုဘာ ၇ ရက်တွင် ထွက်ရှိခဲ့သည့် World Gold Council (WGC) Data ဖော်ပြချက်များအရ သိရှိရပါသည်။ တစ်လကျော် ကာလအတွင်း၌ ကမ္ဘာ့ဗဟိုဘဏ်များ၏ ရွှေအသားတင် ပြန်လည်ထုတ်ရောင်းမှုတန်ချိန် စုစုပေါင်း ၁၂ ဒသမ ၃၀ တန်ရှိခဲ့ကြောင်း သိရှိရသည်။

COVID–19 ကူးစက်ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံသူများသည် ရွှေဝယ်ယူ စုဆောင်းမှုများ ပြုလုပ်ခဲ့ကြသောကြောင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၂၀၇၅ ဒေါ်လာအထိ ရောက်ရှိခဲ့ပြီး သမိုင်းတစ်လျှောက်တွင် အမြင့်ဆုံးဈေးအဖြစ် စံချိန်သစ်တင်ခဲ့သည်ကို သိရှိရပါသည်။ ထို့နောက် ရွှေဝယ်လိုအား ပြန်လည်လျော့ကျလာခဲ့ပြီး ရွှေတစ်အောင်စလျှင် ၈ ရာခိုင်နှုန်းအကျ ပြန်ရှိခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ်တွင် ရုရှား၊ တူရကီ၊ ကာဇက်စတန်နိုင်ငံ တို့အပါအဝင် ကမ္ဘာ့ဗဟိုဘဏ်များ၏ ရွှေအသားတင် ဝယ်ယူမှုမှာ စုစုပေါင်းတန်ချိန် ၆၅၁.၅၀ တန်ရှိခဲ့ပြီး ၁၉၇၁ ခုနှစ်နောက်ပိုင်း ဝယ်ယူမှုအများဆုံးနှစ် ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ ဗဟိုဘဏ်၏ ရွှေအသားတင် ဝယ်ယူမှုမှာ စုစုပေါင်း တန်ချိန် ၆၅၀ တန်ရှိခဲ့ကြောင်း သိရှိရပါသည်။ ယခုအခါတွင် ကမ္ဘာတစ်ဝန်း ကပ်ရောဂါကာလရှည်ကြာလာမှုကြောင့် ကမ္ဘာနိုင်ငံများမှ ဗဟိုဘဏ်များ၏ ငွေကြေးလည်ပတ်မှု အကြပ်အတည်းရှိလာသည့် အနေအထားများကြောင့် အရန်သိုးသန့် သိုလှောင်ထားသော ရွှေများကို ထုတ်ရောင်းရန် ဖြစ်လာစေခဲ့ကြောင်း သိရှိရပါသည်။ ရွှေထည်ဈေးကွက်တွင် အဓိက ဝယ်လက်နိုင်ငံများ ဖြစ်ကြသော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ကပ်ရောဂါကြောင့် ပွဲတော်ရာသီကာလများတွင် ရွှေဝယ်ယူမှုများ သိသိသာသာ လျော့ကျလာခဲ့ကြောင်း သိရှိရပါသည်

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၈ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်–

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၉.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၉၉၂ |
| ၂ | ၂.၉.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၉၆၉ |
| ၃ | ၃.၉.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၃၁ |
| ၄ | ၄.၉.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၉၄၀ |
| ၅ | ၅.၉.၂၀၂၀ | ၁၃၀၉၀၀၀ | ၁၉၃၅ |
| ၆ | ၇.၉.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၂၇ |
| ၇ | ၈.၉.၂၀၂၀ | ၁၃၀၉၀၀၀ | ၁၉၁၇ |
| ၈ | ၉.၉.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၉၂၇ |
| ၉ | ၁၀.၉.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၄၈ |
| ၁၀ | ၁၁.၉.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၄၂ |
| ၁၁ | ၁၂.၉.၂၀၂၀ | ၁၃၁၁၅၀၀ | ၁၉၄၀ |
| ၁၂ | ၁၅.၉.၂၀၂၀ | ၁၃၁၅၀၀၀ | ၁၉၆၈ |
| ၁၃ | ၁၆.၉.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၆၄ |
| ၁၄ | ၁၇.၉.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၄၅ |
| ၁၅ | ၁၈.၉.၂၀၂၀ | ၁၃၂၀၀၀၀ | ၁၉၅၂ |
| ၁၆ | ၁၉.၉.၂၀၂၀ | ၁၃၂၀၀၀၀ | ၁၉၅၁ |
| ၁၇ | ၂၁.၉.၂၀၂၀ | ၁၃၁၉၅၀၀ | ၁၉၅၂ |
| ၁၈ | ၂၂.၉.၂၀၂၀ | ၁၃၁၅၀၀၀ | ၁၉၁၁ |
| ၁၉ | ၂၃.၉.၂၀၂၀ | ၁၃၀၉၀၀၀ | ၁၈၉၁ |
| ၂၀ | ၂၄.၉.၂၀၂၀ | ၁၃၀၃၀၀၀ | ၁၈၆၃ |
| ၂၁ | ၂၅.၉.၂၀၂၀ | ၁၃၀၃၅၀၀ | ၁၈၆၈ |
| ၂၂ | ၂၇.၉.၂၀၂၀ | ၁၃၀၂၀၀၀ | ၁၈၆၁ |
| ၂၃ | ၂၈.၉.၂၀၂၀ | ၁၃၀၀၀၀၀ | ၁၈၆၃ |
| ၂၄ | ၃၀.၉.၂၀၂၀ | ၁၃၀၇၅၀၀ | ၁၈၈၉ |
| ၂၅ | ၁.၁၀.၂၀၂၀ | ၁၃၁၁၅၀၀ | ၁၈၈၅ |
| ၂၆ | ၂.၁၀.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၉၁၀ |
| ၂၇ | ၆.၁၀.၂၀၂၀ | ၁၃၁၆၅၀၀ | ၁၉၁၃ |
| ၂၈ | ၇.၁၀.၂၀၂၀ | ၁၃၀၇၅၀၀ | ၁၈၈၂ |
| ၂၉ | ၈.၁၀.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၉၂ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 7.91 %၊ Year on Year Inflation 4.16 % ရှိသည်ကို လေ့လာသိရှိရပါသည်။

ငွေကြေးဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတဝန်း စီးပွားရေးကျဆင်းနေချိန်တွင် အမေရိကန်ဒေါ်လာ တန်ဖိုးမှာလည်း ကျဆင်းလာခြင်းကြောင့် အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုးသည် မြန်မာ ကျပ်ငွေနှင့် လဲလှယ်ရာတွင် သိသိသာသာ ရိုက်ခတ်မှုရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။ အမေရိကန် ဒေါ်လာသည် ဥရောပ (ယူရို) ငွေကြေး၊ ဂျပန် (ယန်း)ငွေ အပါအဝင် ကမ္ဘာ့နိုင်ငံများ၏ အဓိက ငွေကြေးများနှင့် လဲလှယ်ရာတွင် ယခုနှစ်အတွင်း ၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း အမေရိကန် ရုပ်သံ CNN စီးပွားရေးသတင်း အစီအစဉ်တွင် ဖော်ပြပါရှိသည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်း ငွေကြေးဈေးကွက် တည်ငြိမ်နိုင်ရန် အတွက် ပြင်ပဈေးကွက်မှ ဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူထိန်းညှိပေးလျက် ရှိခြင်းကြောင့် ဈေးကွက်တည်ငြိမ်မှုအား ယခုအချိန်ထိ ထိန်းထားနိုင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကတာဝန်သည် နိုင်ငံ၏ ငွေရေးကြေးရေးစနစ် ခိုင်မာစေရန်နှင့် တည်ငြိမ်စေရန်တို့ အတွက် အဓိကရည်မှန်းပြီး ငွေလဲလှယ်နှုန်းတစ်ခု မြင့်တက်လာခြင်း၊ နိမ့်ကျလာခြင်းများ မဖြစ်ပေါ်စေရန်အတွက် ဒေါ်လာဈေးမြင့်တက်လာလျှင် ဗဟိုဘဏ်မှ ထုတ်ရောင်းပေးပြီး ဒေါ်လာဈေးကျလာလျှင် ဈေးကွက်အတွင်းမှ ဝယ်ယူပေးရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုဥက္ကဋ္ဌဟောင်း၊ ကမ္ဘောဇဘဏ် အကြီးတန်းအကြံပေးဖြစ်သူ ဦးသန်းလွင်က သုံးသပ်ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်လျက်ရှိသော်လည်း အမေရိကန်ဒေါ်လာ တန်ဖိုးကျဆင်းမှုသည် နိုင်ငံတကာ အတိုင်းအတာနှင့် ကြုံတွေ့နေရသည့် ပြဿနာဖြစ်ခြင်း၊ တကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားနေသည့် စိန်ခေါ်မှု များနှင့် ကြုံတွေ့နေရခြင်းပေါ် မူတည်နေသောကြောင့် အစိုးရအနေဖြင့် ငွေကြေးတည်ငြိမ်စေရေး အဓိကထား ဆောင်ရွက်လျက်ရှိသော်လည်း ဒေါ်လာဈေးမှာ အကျဘက်မှ ပြန်လည်မြင့်တက် လာခြင်းမရှိကြောင်း ပြည်ထောင်စုလွှတ်တော် စီးပွားရေးအကြံပေး ဦးဇော်ဖေဝင်းက သုံးသပ် ပြောကြားခဲ့သည်ကို သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂-၁၀-၂၀၂၀ | ၅-၁၀-၂၀၂၀ | ၆-၁၀-၂၀၂၀ | ၇-၁၀-၂၀၂၀ | ၈-၁၀-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၀၆.၇ | ၁၃၀၂.၀ | ၁၂၉၆.၄ | ၁၂၉၁.၇ | ၁၂၈၂.၉ | -၁.၈၂ | ↓ |
| ၂ | Thai Baht | THB | ၃၁.၆၁၅ | ၃၁.၄၅၀ | ၃၁.၂၅၀ | ၃၁.၂၃၀ | ၃၁.၁၆၀ | -၁.၄၄ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၆၄ | ၁.၃၆၁ | ၁.၃၆၀ | ၁.၃၅၉ | ၁.၃၅၈ | -၀.၄၄ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၆၃ | ၄.၁၅၈ | ၄.၁၅၆ | ၄.၁၅၈ | ၄.၁၅၄ | -၀.၂၂ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၈၆၁ | ၁၄၈၀၁ | ၁၄၇၃၅ | ၁၄၇၁၀ | ၁၄၇၁၀ | -၁.၀၁ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၇၉၁ | ၆.၇၉၁ | ၆.၇၉၁ | ၆.၇၉၁ | ၆.၇၉၁ | ၀.၀၀ | |
| ၇ | Indian Rupee | INR | ၇၃.၄၂၂ | ၇၃.၂၆၁ | ၇၃.၄၅၅ | ၇၃.၃၀၀ | ၇၃.၂၁၇ | -၀.၂၈ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၅.၁၉၂ | ၁၀၅.၆၃၉ | ၁၀၅.၅၅၃ | ၁၀၅.၉၇၃ | ၁၀၅.၉၉၀ | ၀.၇၆ | ↑ |
| ၉ | Australian Dollar | AUD | ၁.၃၉၈ | ၁.၃၉၂ | ၁.၃၉၈ | ၁.၄၀၁ | ၁.၃၆၉ | -၂.၀၇ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၃ | ၀.၈၅၁ | ၀.၈၅၀ | ၀.၈၅၁ | ၁.၃၅၈ | ၅၉.၂၀ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၃ | ၀.၇၇၂ | ၀.၇၇၀ | ၀.၇၇၅ | ၀.၇၇၂ | -၀.၁၃ | ↓ |

Source– Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၀၆.၇ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၈ ရက်တွင် ၁၂၈၂ ဒသမ ၉ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ် အတွင်း ၁ ဒသမ ၈၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်မှ အောက်တိုဘာ ၈ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်း ငွေလဲလှယ်နှုန်း တည်ငြိမ်စေရန်အတွက် စည်းမျဉ်းအခြေခံထားသည့် ဈေးပြိုင်လေလံစနစ်ဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ဈေးကွက်အတွင်းမှ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၆၀ သန်း ဝယ်ယူပေးခဲ့ပြီး အောက်တိုဘာလ ၂ ရက်မှ ၈ ရက်အတွင်းတွင်လည်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၀ သန်း ထပ်မံဝယ်ယူပေး ခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရ သိရှိရပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် အောက်တိုဘာ ၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၂၅ ကျပ်၊ အောက်တိုဘာ ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၂၃ ကျပ်၊ အောက်တိုဘာ ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၁၉ ကျပ်၊ အောက်တိုဘာ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၁၈ ကျပ်နှင့် အောက်တိုဘာ ၈ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၃၀၉ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။